ဇွဲယွန်းနောင်

# မောင်အသက်သွင်းသော ကျွန်မကမ္ဘာ



မှောင်မိုက်ပြီး စမ်းတဝါးဝါးနဲ့ လျှောက်နေခဲ့ရတဲ့ ကျွန်မရဲ့ လမ်းတွေကို

အလင်းရောင်လေးတွေထွန်းညှိလမ်းပြပေးခဲ့တဲ့ မောင်ကို

ကျေးဇူးတင်ပါတယ်မောင် …

(မှူးသခင်)

မိန်းမတစ်ယောက်က ကိုယ့်အရှက်ကိုရော

ပြီးတော့ ကိုယ့်အသက်ကိုပါရင်းနှီးရဲပြီဆိုရင်

လောကမှာ အဲဒီမိန်းမ မလုပ်ရဲတဲ့ အရာဆိုတာ

မရှိသလောက်အောင်ကိုရှားပါးသွားပါပြီ။

ဘယ်အရာကိုမှ ဂရုမစိုက်တော့သလို

လူသတ်ဖို့ ကိုလည်း ဝန်မလေးတော့ဘူး …။

အခန်းတွင်းမှာ ပုစွန်ဆီရောင်မီးအလင်း ခပ်ပျော့ပျော့ကလေးက တစ်ယောက်မျက်နှာတစ်ယောက်မမြင်ရလောက်အောင်ကိုဖျော့တော့စွာလင်းနေ၏။

မမြင်ရလေကောင်းလေဆိုသောအမှောင်သည် ရာဂ၊

တစ်နည်းအားဖြင့်ဆိုရလျှင် ရမ္မက်တွေကို ရှိရင်းစွဲထက်ပိုပြီးနှိုးဆွနိုင်သည် တဲ့ …။

သည် အမှောင်တွေထဲမှာ နေလာခဲ့တာကြာလာခဲ့ပြီဆိုပေမယ့် … မောင်နဲ့ တွေ့ပြီးနောက်ပိုင်းမှာ တော့ လုံးဝကို အဲဒီအရောင်၊ အဆင်း၊ ပြီးတော့ အနံ့တွေနဲ့ ပါ ခပ်ကင်းကင်းကိုနေခဲ့သည် ။

မောင့်အရောင်က ယခင်ဘဝက သူမပိုင်ဆိုင်ခဲ့ဖူးသော အရောင်တွေနှင့် လားလားမျှမသက်ဆိုင်ခဲ့ပါဘူး …။

အဖြူရောင်ကြိုက်သောမောင်က နေတာတောင်မှ ဖြူဖြူစင်စင် သန့်သန့်စင်စင်ကလေးကိုနေတာပါ …။

မိန်းမတော်တော်များများ ရဲ့ ဘဝမှာ ယောကျ်ားတစ်ယောက်နဲ့ ခုတင်ပေါ်ကိုတက်ကြတယ်ဆိုတာ ရည်ရွယ်ချက်ကိုယ်စီရှိကြမယ်လို့ တော့ ကျွန်မယုံကြည်တယ်။

တချို့ကတော့ အဲဒီယောကျ်ားကို ကိုယ့်ဘဝထက်ပိုချစ်မြတ်နိုးလို့ ကိုယ်ပိုင်ဆိုင်တဲ့ တစ်ခုတည်းသော အရှက် ပြီးတော့သိက္ခာတွေကို အပြည့်အဝပေးဆပ်ကြဖို့ အတွက် ကျေကျေနပ်နပ် ခုတင်ပေါ်တက်ကြတာ …။

တချို့ကတော့ ကိုယ့် တစ်ဝမ်းတစ်ခါး၊ ဒါမှ မဟုတ် မိသားစုဝမ်းဗိုက်ကလေးတွေကိုယ်စီပြည့်ဖို့ အတွက် တစ်ဦးတည်းအနစ်နာခံပြီး ခုတင်ပေါ်တက်ခဲ့ကြတာ …။

တချို့တွေကတော့ ငွေကြေးကိစ္စလည်း မပါ၊ ချစ်မြတ်နိုးခြင်းတွေလည်း မပါဘဲ ပျော်လို့ ၊ ယောကျ်ားတစ်ယောက်နဲ့ ထိတွေ့ရတဲ့ အထိအတွေ့ကို မက်မက်မောမောကိုကြိုက်နှစ်သက်ကြလို့ ကို ပျော်ပျော်ကြီးတက်နေကြတဲ့ လူတွေလည်း ရှိပါတယ် …။

အဲဒီမိန်းမတွေထဲမှာ မှ သိပ်ကိုရှားပါးတဲ့ ရာခိုင်နှုန်းကတော့ နာကျ ည်းမုန်းတီးခြင်းကြောင့် သတ်ပစ်ချင်လောက်အောင် ... အို မဟုတ်ပါ ဘူး ... သတ်ပစ်ဖို့ အထိကို ဆုံးဖြတ်ထားပြီလို့ ကို ခုတင်ပေါ်ကိုတက်ခဲ့ကြတာပါ ...။

အဲဒီလူတစ်ယောက်ရဲ့ ဘဝကို စုတ်ပြတ်သတ် အဖတ်ဆယ်လို့ မရ လောက်အောင်ကို ဖျက်ဆီးချင်လို့ နိယာမအရ ကိုယ့်ခန္ဓာကိုအရင်းတ ည်ပြီး ခုတင်ပေါ်တက်ကြတာပါ ...။

မှူးသခင်ဆိုတဲ့ ကျွန်မကတော့အဲဒီ လူနည်းစုထဲမှာ ပါတယ်ဆိုတာ ကိုယ့်ကိုကိုယ်လုံးဝယုံကြည်သည် ။

ခုတင်ပေါ်မှာ

သူမအပေါ်မှာ သူ့ကိုယ်ကြီးအုပ်မိုးပြီး အဆီတွေဝင်းနေတဲ့ ထွန်းမော င်ရဲ့ မျက်နှာက လောကမှာ ရွံစရာကောင်းဆုံးမျက်နှာတစ်ခုလိုအဆီတ ဝင်းဝင်းနှင့် ကို မဲပြောင်စွာလင်းနေသည် ။ အသားမည်းမည်း၊ အရပ်အ မောင်းက ပုပြတ်ပြတ်၊ ကိုယ်မှ ချွေးနံ့ကလည်း ရေချိုးခိုင်းထားတောင်မှ ချဉ်စုပ်စုပ်နှင့် ထွန်းမောင်က သူ့ဘဝမှာ သည် လို သပ်သပ်ရပ်ရပ် လှလှ ပပမိန်းမတစ်ယောက်ကို ဘယ်တုန်းကမှ မရခဲ့ဖူးသလို၊ နောက်ထပ်လ ည်း ဘယ်တော့မှ တွေ့ရမှာ မဟုတ်ဘူး ဆိုတာ ကိုယ့်ကိုကိုယ်သိနေလို့ လားမသိ သူမခန္ဓာကိုယ်ကို စိတ်ရှိတိုင်း ထင်တိုင်းကြဲနေတော့သည် ။

စက်ဆုပ်လှတဲ့ နာကျင်ခါးသီးမှုကို မှူးသခင် အတင်းမျိုချပစ်လိုက်ရ င်း ပါးပြင်မှ စီးကျလာတဲ့ မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်လို က်သည် ။

ပြီးနောက် ပြုံးပြုံးကြီးထွန်းမောင် ပြုသမျှသာ နုနေလိုက်တော့၏။ ဒီ တစ်ကြိမ်က ကြုံခဲ့ဖူးသမျှ ခုတင်ပေါ်ကအချိန်တွေထဲမှာ အကြာဆုံးပဲဟု

လည်း သူမထင်မိ၏။

နောက်တစ်ခါတော့ ဒီလမ်းကိုလုံးဝမရွေးချယ်တော့ဘူးဟု လည်း ဆုံးဖြတ်ချက်ချလိုက်၏။

"ဟူး ..."

သူ့ကိစ္စပြီးသွားတာနှင့် ထွန်းမောင်က သူ့ကိုယ်မည်းမည်းကြီးကို သူမကိုယ်ပေါ်သို့မညှာမတာပုံချလိုက်သည် ။

သူမ ဒေါသစိတ်တို့ ကိုလုံးဝမျိုချပစ်လိုက်ပြီး လှလှကလေးပြုံးလိုက်သည် ။

"ဖယ်ပါကိုရယ် ကို့ကိုယ်ကြီးကလေးလိုက်တာ ..."

ဆိုပြီး လေသံဖျော့လေးဖြင့်ပြောပြီး ဘေးကိုဖြည်းဖြည်းကလေးတွန်းချလိုက်သည် ။

ထွန်းမောင်က သူမကိုဖက်လျက်သာကပ်နေလိုက်ပြီး သူမကိုယ်လေးကို သူ့နှုတ်ခမ်းမွေးများ ဖြင့် ပွတ်သီကပ်သီလုပ်နေပြန်သေး၏။

သူမ အသာအယာလေး တွန်းထုတ်လိုက်ပြီး

"ကဲပါကိုရယ်တော်ပါတော့ .. ရှင်မင်းပင်ပန်းနေပြီ နားတော့မယ် ...
"

"အဲဒါဆိုရင်အိပ်လေ ကိုယ့်လက်မောင်းပေါ်မှာ အိပ်မလား ..."

"ဟင့်အင်း မအိပ်တော့ဘူးကို ရှင်မင်း ပြန်ပြီးနားချင်လို့ ..."

"ဟင် ဒီမှာ နားလည်း ရတာပဲကို ကိုယ်ထပ်ဖြစ်ချင်သေးတယ်ကွာ ..."

"ဘာတွေလောနေတာလဲကိုရယ် ဖြည်းဖြည်းပေါ့ နောက်လည်း မ

တွေ့ရမယ့်လူတွေကျနေတာပဲ ..."

နောက်မတွေ့ရတော့မယ့်လူတွေကျနေတာပဲဆိုတော့ ထွန်းမောင်က သူမမျက်နှာကို မယုံသင်္ကာဖြင့် လှမ်းကြည့်လာသည် ။

"ရှင်မင်းတကယ်ထပ်တွေ့ဦးမှာ ပါ ..."

"အဲဒါဆိုရင် မနက်ဖြန်ကိုယ်တို့ အလုပ်ကိစ္စတွေပြီးရင် ဒီနေရာမှာ ပဲ ညနေထပ်ဆုံကြမယ်လေနော် ..."

"ဟုတ် ..."

သူမ ကျေနပ်စွာပြုံးရင်းခေါင်းညိတ်လိုက်သည် ။

"ကိုယ်တို့ ကိစ္စက ဒီနေ့လုပ်ဖြစ်မှာ သေချာလို့ လား ..."

"သေချာပါတယ် ဒီပွဲကိုအံ့ဘုန်းမြတ်ဦးစီးမှာ သူစီစဉ်ရင် အစစအရာရာ တိကျပြီးအဆင်ပြေတယ် သူက သိပ်စေ့စပ်တာ ဒီကိစ္စကိုရှင်မင်းသိနေတာကို သူသိရင်တောင်ကိုယ့်ကို သူသတ်ပစ်နိုင်တယ် ..."

"ကိုရယ် ရှင်မင်းက ကိုဒုက္ခရောက်အောင်ဘယ်လုပ်ပါ့မလဲ ... ဒီနေ့အလုပ်ကိစ္စကိုသာ အဆင်ပြေပြေကလေးလုပ်ပြီး မနက်ဖြန်ညကို ဒီနေရာကို ငွေထုပ်ပိုက်ပြီးလာခဲ့ ရှင်မင်းစောင့်နေမယ် ဟုတ်ပြီလား ..."

ထွန်းမောင်ရဲ့ လည်ပင်းကိုသိုင်းဖက်လိုက်ပြီးပြောလိုက်တော့ ထွန်းမောင်က သူမကိုကြည့်ပြီး သဘောကျစွာပြုံး၏။

"ရှင်မင်းကို ကိုယ်အပိုင်ရချင်လိုက်တာကွာ ..."

"တစ်နေ့နေ့တော့ရလာမှာ ပေါ့ ကဲပါ ရှင်မင်းပြန်တော့မယ် ..."

ထွန်းမောင်ကို သူမ တွန်းဖယ်လိုက်ပြီး ခုတင်ပေါ်မှ ထလိုက်သည် ။ ပြီးနောက် ခုတင်ဘေးမှာ ဟိုတစ်ထည် ဒီတစ်ထည်ကျနေသောအဝတ်

အစားတွေကို တစ်ခုစီလိုက်ကောက်ပြီးဝတ်လိုက်၏။

သူမ ဒေါက်ဖိနပ်ကို ဖနောင့်ထည့်နေတုန်း

"မနက်ဖြန်အိမ်မပြန်နဲ့ တော့နော် ..."

"ဟုတ် ..."

သူမ လှည့်မကြည့်ဘဲ ဖြေလိုက်သည် ။ ပြီးနောက် မှန်တင်ခုံပေါ်မှာ တင်ထားသော စလင်းဘတ်ကြိုးရှည်ရှည်ကိုလွယ်လိုက်ပြီး သူ့ကိုနှုတ်မဆက်ဘဲ အခန်းတွင်းမှ ထွက်ခဲ့တော့၏။

ဟိုတယ်ထဲကထွက်တော့ ညဥ့်က တော်တော်ကလေးကိုနက်နေပါပြီ ။ ဘေးဘီကို ဝေ့ဝဲကြည့်လိုက်၏။ လူတွေရော ကားတွေရောရှင်းနေသော လမ်းကလေးက မီးရောင်ခပ်သဲ့သဲ့အောက်မှာ တိတ်တိတ်ဆိတ်ဆိတ်ပါပဲ ... လည်ကုပ်ထောက်လောက် ကုတ်ဝဲ ခပ်လုံးလုံးဆံပင်လေးကို သေသပ်အောင်လက်နှင့် နည်းနည်းသပ်လိုက်သည် ။

အနည်းငယ်အေးနေတာမို့ အပေါ်ဖုံးအင်္ကျီခပ်ပါးပါးကလေးကို မှုးသခင်ဆွဲစေ့လိုက်၏။ ပြီးနောက် လက်ကလေးပိုက်ကာ Taxi မတွေ့ခင် အထိ လမ်းလျှောက်ဦးမည်။

လမ်းလျှောက်ရင်း သူမမျက်ဝန်းအိမ်မှ မျက်ရည်များ ရည်ဝဲလာကြ၏။ ထို့နောက် အိုင် လာပြီး ပါးပြင်ပေါ်သို့ ဖြတ်သန်းလာကြပြီ။

သူမ ခေါင်းတစ်ချက်မော့ကာ မျက်ရည်တွေကို ထိန်းလိုက်ပါသေးသည် ။ သို့သော် ထိန်းမရတော့သော မျက်ရည်များကဖြွေကျကြကုန်၏။

ကျွန်မရည်ရွယ်ချက်တွေ မပြည့်မချင်းကျွန်မလေ မငိုဘူး၊ မျက်ရည်မကျဘူးလို့ ပဲ ယတိပြတ်ဆုံးဖြတ်ထားတာ။

ဘယ်လောက်စိတ်ဓာတ်မာကျောတဲ့ မိန်းမဖြစ်ဖြစ် လူမသိသူမသိတော့ တိတ်တိတ်ကလေးမျက်ရည်ကျခွင့်ရှိတယ်မလားမောင် ...။

ကျွန်မသိပ်ချစ်တဲ့ မောင့်ကို မတွေ့မမြင်ရတာကြာလာတဲ့ အခါလွမ်းတဲ့ ဒဏ်ဆိုတာ ကျွန်မခန္ဓာကိုယ်ပေါ်မှာ အပြည့်အဝဖိစီးနေကြတာ ...

မောင့်ကိုလွမ်းတဲ့ စိတ်တွေ ပြီးတော့ သူတို့ ကိုနာကျည်းတဲ့ စိတ်တွေနဲ့ ပြည့်နှက်နေတဲ့ ကျွန်မ မျက်ရည်ကျလိုက်ရမှ စိတ်နည်းနည်းပေါ့ပါးပြီး သက်သာသွားမယ်ထင်တယ်မောင်ရဲ့ ...။

ကျွန်မကိုငိုခွင့်ပေးပါမောင် ...။

မောင့်အတွက် ပြီးတော့

ကျွန်မအတွက်

ပြီးတော့ ကျွန်မတို့ စိတ်ကူးယဉ်ဖန်တီးတည်ဆောက်ထားတဲ့ မိသားစုအိမ်ကလေးအတွက် ကျွန်မကို မျက်ရည်ကျခွင့်ပေးပါမောင် ...။

မောင့်ကိုလေ ကျွန်မ မျက်ရည်ကျခွင့်တောင်းခံနေတာ ကျွန်မပျော့ညံ့လို့ မဟုတ်ဘူး နော်မောင် ရှေ့ဆက်ဖို့ အတွက် ခွန်အားတွေ ကျွန်မယူချင်လို့ ပါ ...။

လွမ်းလိုက်တာမောင်ရယ် ...။

ကျွန်မမောင့်ကို လှမ်းလိုက်တာ ...။

ကျွန်မဘဝမှာ မိန်းမတစ်ယောက်အနေနဲ့

မလုပ်သင့် မလုပ်ထိုက်တာတွေကို တော်တော်များများ လုပ်ဖြစ်ခဲ့ဖူးပါတယ် ... ဆေးချခဲ့ဖူးတယ် ...။

အရက်တွေ လူမှန်းမသိအောင်သောက်ပြီး မူးကွဲနေတဲ့ ဖီလင်တွေကိုလည်း တရှိုက်မက်မက်စွဲလမ်းခဲ့ဖူးတယ်။

ပြီးတော့ ကိုယ့်ချစ်သူတောင်မဟုတ်ပါဘဲနဲ့ တစ်ခါလောက် ကလပ်မှမြင်တာနဲ့ ကိုယ်သဘောကျလို့

သူနဲ့ အတူတူ တစ်ညအိပ်ခဲ့တာတွေတောင် ကျွန်မဘဝမှာ အကြိမ်ပေါင်းများ စွာရှိခဲ့ပါရဲ့ ...။

ဒါပေမဲ့ ကျွန်မ လူတော့မသတ်ခဲ့ဖူးဘူး ...။

မိန်းမတစ်ယောက်က ကိုယ့်အသက်ကိုတောင်ရင်းရဲတယ် ပြီးတော့ ကိုယ့်အရှက်ကိုတောင်ရင်းရဲသွားပြီဆိုရင် အဲဒီမိန်းမတစ်ယောက်က လူသတ်ဖို့ လည်း ဝန်မလေးတော့ဘူး ...။

မှူးသခင်